# မြန်မာ- ဆိုင်ကလုန်း မိုခါ

## အခြေအနေတင်ပြချက်အစီရင်ခံစာ အမှတ်စဉ် (၅)

*၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၅) ရက် မွန်းလွဲ ၄ နာရီအထိ အခြေအနေ*

မိုခါမုန်တိုင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ OCHA အဖွဲ့က ထုတ်ဝေခဲ့သည့် နေ့စဉ်အရေးပေါ်သတင်းအချက်အလက်များ (Flash Updates) ကို ပိုမိုပြည့်စုံသော ဤအစီရင်ခံစာဖြင့် အစားထိုးထုတ်ပြန်လျက်ရှိပါသည်။ ဤ Sit Rep အစီရင်ခံစာကို မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုလုပ်ငန်းဆောင်ရွက်နေသော အစုအဖွဲ့ (၇) ခုနှင့် ယင်းတို့၏ လုပ်ငန်းအဖွဲ့ခွဲများနှင့် ပူးပေါင်း၍ OCHA အဖွဲ့က ထုတ်ပြန်ပါသည်။ ဤအစီရင်ခံစာပါ လူသားချင်းစာနာမှုလုပ်ငန်းအပိုင်းသည် မြေပြင်တွင် ဆောင်ရွက်နေသော လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းအားလုံးကို ထင်ဟပ်ဖော်ပြနိုင်ခြင်း မရှိဘဲ၊ မိတ်ဖက်အဖွဲ့များက မိမိတို့ဆန္ဒအလျောက် အစီရင်ခံထားသည့်လုပ်ငန်းများသာဖြစ်ကြောင်း ဖော်ပြလိုပါသည်။

## အဓိကအချက်အလက်များ

- ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုခါမုန်တိုင်းတုံ့ပြန်လုပ်ငန်းများအတွက် သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဝေရေးစီမံချက်များကို ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းနေဆဲဖြစ်သည်။ ထောက်ပံ့ရေးပစ္စည်းများအား ပြန်လည်ဖြည့်တင်းပေးနိုင်ရေးအတွက် ပစ္စည်းတင်သွင်းခွင့်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စည်းကမ်းချက်များ ချမှတ်ထားပြီး၊ အချို့တောင်းခံချက်များကို ဆိုင်းငံ့ထားဆဲဖြစ်သည်။
- မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီခွင့်များကို ဇွန်လ ၈ ရက်နေ့မှစတင်၍ ယာယီရပ်ဆိုင်းလိုက်ပြီးနောက်၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး (ယာယီ) က ယခင်ပေးအပ်ထားပြီးဖြစ်သည့် ခွင့်ပြုချက်များကို အလျင်အမြန်ပြန်လည်ခွင့်ပြုပေးရန်နှင့် အသက်ကယ်ဆယ်ရေးအကူအညီများကို ပြန်လည်ဆောင်ရွက်ခွင့်ပြုရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား တိုက်တွန်းသည့် ကြေညာချက်တစ်စောင်ကို ဇွန်လ ၁၂ ရက်နေ့က ထုတ်ပြန်ခဲ့သည်။
- တစ်ချိန်တည်းတွင်၊ အကူအညီလိုအပ်နေသူများထံသို့ ဝင်ရောက်ကူညီခွင့်များ ထပ်မံရရှိနိုင်ရေး ကြိုးစားရန်အတွက် နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တို့ရှိ လက်ရှိအာဏာပိုင်များနှင့် ချိတ်ဆက်ဆွေးနွေးနေဆဲဖြစ်ပါသည်။ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး (ယာယီ) နှင့် ကုလသမဂ္ဂ အဖွဲ့အစည်း များသည် စစ်တွေမြို့တွင် ပြည်ထောင်စုဝန်ကြီးများနှင့် ထိပ်သီးအဆင့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်ခဲ့သည်။
- လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီခွင့် ကန့်သတ်မှုများ ရှိနေလျက်ပင်၊ အကူအညီပေးရေးအဖွဲ့အစည်းများသည် ခွင့်ပြုမိန့်နှင့် ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်ရှိထားသည့်နေရာများတွင် မုန်တိုင်းဒဏ်သင့်ရပ်ရွာပြည်သူများသို့ မရှိမဖြစ်လိုအပ်သော အကူအညီများကို ပေးအပ်နေဆဲဖြစ်သည်။ မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ ရခိုင်ပြည်နယ်နှင့် အခြားဒေသများမှ ဘေးဒဏ်သင့်ပြည်သူ ၁၄၄၀၀၀ ကျော်သည် ခိုလှုံရာနေရာများနှင့် အခြားမရှိမဖြစ်လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများကို လက်ခံရရှိခဲ့ကြသည်။ သို့ရာတွင် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ခိုလှုံရာနေအိမ်များအနက် အနည်းငယ်ကိုသာ ပြန်လည်ပြင်ဆင်ပြီးသေးကြောင်း အစီရင်ခံချက်များ ရရှိထားသဖြင့်၊ ထောင်ပေါင်းများစွာသော ပြည်သူများသည် မုတ်သုံရာသီချိန်တွင် အိမ်ခေါင်မိုးမရှိသည့် အခြေအနေသို့ ရောက်နေပြီး၊ မိုးလေလုံခြုံသည့် ခိုလှုံရာနေရာအနည်းငယ်၌သာ လူနေထူထပ်ကြပ်တည်းစွာဖြင့် ပုဂ္ဂိုလ်ရေး လွတ်လပ်မှုကင်းမဲ့စွာ နေထိုင်ကြရမည့် အခြေအနေကို ရင်ဆိုင်နေကြရသည်။
- ရခိုင်ပြည်နယ်တစ်ခုတည်းတွင်ပင် ဘေးဒဏ်သင့်ပြည်သူ ၃၈၀၀၀၀ နီးပါးသို့ စားနပ်ရိက္ခာအကူအညီများ ဖြန့်ကြက်ရောက်ရှိခဲ့သည်။
- ရခိုင်ပြည်နယ်၊ အနောက်မြောက်ပိုင်းဒေသနှင့် ကချင်ပြည်နယ်တို့မှ လူဦးရေ ၁၂၅၀၀ နီးပါးသည် ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများကို လက်ခံရရှိခဲ့ကြသည်။ ရခိုင်ပြည်နယ်ရှိ ဦးစားပေးမြို့နယ် ၈ ခုမှ အသက် ၅ နှစ်အောက် ကလေးသူငယ် ၇၀၀၀ ကျော်နှင့် ပြုစုစောင့်ရှောက်သူ ၁၅၀၀ ကျော်သို့ အာဟာရဆိုင်ရာအကူအညီများကို ဖြန့်ဝေပေးအပ်နိုင်ခဲ့သည်။
- ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် စစ်တွေမြို့နယ်များတွင် ညစ်ညမ်းနေသော ရေကန် ၇၀ ခန့်မှ ရေများကို အောင်မြင်စွာ စုပ်ထုတ်ပေးနိုင်ခဲ့သည်။

The mission of the United Nations Office for the Coordination of Humanitarian Affairs (OCHA) is to
Coordinate the global emergency response to save lives and protect people in humanitarian crises.
We advocate for effective and principled humanitarian action by all, for all.
**www.unocha.org**

- ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသတို့တွင် ကလေးပျော်နေရာ (CFS) ၃၀၀ ကျော်ကို ပြန်လည် တည်ဆောက်ပေးခဲ့ပြီး၊ ကလေးသူငယ်နှင့် ပြုစုစောင့်ရှောက်သူ ၃၄၀၀၀ ကျော်တို့သည် စိတ်လူမှုဆိုင်ရာအထောက်အပံ့များနှင့် စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း ဝန်ဆောင်မှုများကို လက်ခံရရှိခဲ့ကြသည်။
- ဘေးဒဏ်သင့်ပြည်သူများ၏ လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများကို အချိန်နှင့်တပြေးညီ ဝယ်ယူနိုင်ရန် တောင်းခံထားသည့် အမေရိကန်ဒေါ်လာ ၃၃၃ သန်း အရေးပေါ်ရန်ပုံငွေအဆိုပြုလွှာအတွက် ရန်ပုံငွေကို ဆက်လက်၍ ထောက်ပံ့ပေးရန် လိုအပ်ပါသည်။ ဘဏ္ဍာငွေရရှိမှုအခြေအနေစုစည်းတင်ပြသည့်စနစ် (FTS) ၏ အချက်အလက်များအရ ဇွန်လ ၁၆ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၂၁.၇ သန်းကို ထပ်တိုးရန်ပုံငွေအဖြစ် လက်ခံရရှိပြီးဖြစ်ပါသည်။

## အခြေအနေသုံးသပ်ချက်

မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် တစ်လကြာမြင့်ခဲ့သည့်အချိန်တွင် လက်ရှိအာဏာပိုင်များက ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဝေရေးစီမံချက်များအတွက် ကနဦးခွင့်ပြုချက်များအား မမျှော်လင့်ဘဲ ပြန်လည်ရုပ်သိမ်းခဲ့ခြင်းနှင့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုအဖွဲ့အစည်းများ၏ လက်ရှိခရီးသွားခွင့်ပြုမိန့်များကို ယာယီရပ်ဆိုင်းခဲ့ခြင်းကြောင့် ရခိုင်ပြည်နယ်တစ်ခုလုံးရှိ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများကို ထိခိုက်စေခဲ့သည်။ မုန်တိုင်းဒဏ်ကို ဆိုးရွားစွာ ခံခဲ့ကြရပြီးဖြစ်သည့် ဒေသများတွင် မုတ်သုံရာသီအရိန်ဖြင့် မိုးသည်းထန်မှုများနှင့် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်နေသည်နှင့်အမျှ ရုတ်တရက် ချမှတ်လိုက်သော ဤဆုံးဖြတ်ချက်များကြောင့် မုန်တိုင်းဒဏ်ခံခဲ့ရသည့် ပြည်သူများ၏ စိတ်မချမ်းမြေ့ဖွယ် နေထိုင်မှုအခြေအနေများကို ပိုဆိုးစေခဲ့ပါသည်။

မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီခွင့်များကို ဇွန်လ ၈ ရက်နေ့မှစတင်၍ ယာယီ ရပ်ဆိုင်းလိုက်ပြီးနောက်၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး (ယာယီ) က ယခင်ပေးအပ်ထားပြီး ဖြစ်သည့် ခွင့်ပြုချက်များကို အလျင်အမြန်ပြန်လည်ခွင့်ပြုပေးရန်နှင့် အသက်ကယ်ဆယ်ရေးအကူအညီများကို ပြန်လည်ဆောင်ရွက်ခွင့်ပြုရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား တိုက်တွန်းသည့် ကြေညာချက်တစ်စောင်ကို ဇွန်လ ၁၂ ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။ ဇွန်လ ၁၅ ရက်နေ့က ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူး (ယာယီ) နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီးများနှင့် စစ်တွေမြို့၌ တွေ့ဆုံခဲ့ပြီး၊ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လူသားချင်းစာနာမှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ အကူအညီပေးနိုင်ရန် ဖြစ်နိုင်ခြေရှိသော နည်းလမ်းများနှင့် မြန်မာနိုင်ငံသို့ ထောက်ပံ့ရေးပစ္စည်း တင်သွင်းရေး ကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။ စစ်တွေမြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများသည် လက်ရှိအာဏာပိုင်များ၏ တောင်းဆိုမှုအရ ဇွန်လ ၁၃ ရက်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာ ပြည်နယ်အဆင့်အရာရှိများနှင့် တွေ့ဆုံခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက် ပြုလုပ်သွားရန် မျှော်မှန်းထားပါသည်။

ဝင်ရောက်ကူညီခွင့်ကန့်သတ်ချက်များနှင့် ပုံမှန်လုပ်ငန်းများအား ယာယီရပ်ဆိုင်းခဲ့ခြင်းမှာ ဇွန်လ ၈ ရက်နေ့မှစတင်၍ တစ်ပတ်ကြာခဲ့ပြီ ဖြစ်သော်လည်း၊ လူသားချင်းစာနာမှုအဖွဲ့အစည်းများသည် ခွင့်ပြုမိန့်များနှင့် ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်ရှိထားသည့်နေရာများတွင် မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ အကူအညီလိုအပ်နေသည့် ပြည်သူများစွာထံသို့ ဖြန့်ဝေရောက်ရှိခဲ့ပြီးဖြစ်သည်။ ရခိုင်ပြည်နယ်နှင့် အခြားဒေသများမှ လူဦးရေ ၁၄၄၀၀၀ ကျော်သို့ ခိုလှုံရာအတွက် ပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးခဲ့ပြီး၊ တစ်ချိန်တည်းတွင် စားနပ်ရိက္ခာအကူအညီများသည်လည်း ရခိုင်ပြည်နယ်တစ်ခုတည်းတွင်ပင် လူဦးရေ ၃၈၀၀၀၀ နီးပါးထံသို့ ဖြန့်ဝေနိုင်ခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို ရခိုင်ပြည်နယ်၊ အနောက်မြောက်ပိုင်းဒေသနှင့် ကချင်ပြည်နယ်တို့မှ လူဦးရေ ၁၂၅၀၀ နီးပါးထံသို့ ထောက်ပံ့ပေးခဲ့ပြီး၊ အာဟာရဆိုင်ရာအကူအညီများကို ရခိုင်ပြည်နယ်ရှိ ဦးစားပေးမြို့နယ် ၈ ခုမှ အသက် ၅ နှစ်အောက် ကလေးသူငယ် ၇၀၀၀ ကျော်နှင့် ပြုစုစောင့်ရှောက်သူ ၁၅၀၀ ကျော်ထံသို့ ပေးအပ်နိုင်ခဲ့သည်။ ထို့အပြင် ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် စစ်တွေမြို့နယ်များတွင် ညစ်ညမ်းနေသော ရေကန် ၇၀ မှ ရေများကို အောင်မြင်စွာ စုပ်ထုတ်ပေးနိုင်ခဲ့ပြီး၊ ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသတို့တွင် ကလေးပျော်နေရာ (CFSs) ၃၀၀ ကျော်ကို ပြန်လည်တည်ဆောက်ပေးခဲ့သည်။ ကလေးသူငယ်နှင့် ပြုစုစောင့်ရှောက်သူ ၃၄၀၀၀ ကျော်သို့ စိတ်လူမှုဆိုင်ရာအထောက်အပံ့များ (PSS) နှင့် စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း (PFA) ဝန်ဆောင်မှုများကို ထောက်ပံ့ပေးခဲ့သည်။

လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူများသည် လက်ရှိဆောင်ရွက်နေသည့် ပုံမှန်လုပ်ငန်းများထက် ကျော်လွန်၍ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် နည်းလမ်းအမျိုးမျိုးကို ဆက်လက်ရှာဖွေနိုင်ရန် မျှော်လင့်နေကြသည်။ မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရပ်ရွာပြည်သူများကလည်း ဒေသအာဏာပိုင်များ၊ ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လက်ရှိကြိုးပမ်းဆောင်ရွက်မှုများကို အားဖြည့်ပေးမည့် ထိုသို့သော ထပ်တိုးအကူအညီများကို တောင်းဆိုနေကြသည်။ သို့ရာတွင် ခရီးသွားခွင့်ပြုမိန့်များအားကန့်သတ်ရန် ဗဟိုအဆင့်မှ ဆုံးဖြတ်ချက်ချမှတ်လိုက်ခြင်းကြောင့် တိုးမြှင့်ပေးအပ်မည့် အကူအညီများကို ရပ်တန့်သွားစေသည်။ ဘေးဒဏ်သင့်ပြည်သူများ၏ လတ်တလော လိုအပ်ချက်များနှင့် ရေရှည်လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရေးအတွက် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသများသို့ ကြိုတင်သိရှိနိုင်ပြီး အချိန်နှင့်တပြေးညီဝင်ရောက်ကူညီနိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ရန် ရည်ရွယ်လျက် နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တို့တွင် တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားပါမည်။

မရှိမဖြစ်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများကို အချိန်နှင့်တပြေးညီဝယ်ယူနိုင်ရေးအတွက် ရန်ပုံငွေတိုးမြှင့်ထောက်ပံ့မှုများကိုလည်း အရေးတကြီး လိုအပ်နေပါသည်။ ဘဏ္ဍာငွေရရှိမှုအခြေအနေစုစည်းတင်ပြသည့်စနစ် (FTS) ၏ အချက်အလက်များအရ မိုခါမုန်တိုင်းအတွက် အကူအညီပေးရန် တောင်းခံထားသော အရေးပေါ် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၃၃ သန်းအနက် ဇွန်လ ၁၆ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၂၁.၇ သန်းကို ထပ်တိုးရန်ပုံငွေအဖြစ် လက်ခံရရှိပြီးဖြစ်ပါသည်။

## လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများ

### အရေးပေါ်အခြေအနေတွင် ပညာသင်ကြားရေး

**လိုအပ်ချက်များ**

- ရခိုင်ပြည်နယ်တွင် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့မှ သွားလာရေးခက်ခဲသော ဒေသများရှိ စာသင်ကျောင်း ၁၈ ကျောင်းနှင့် ယာယီပညာသင်ကြားရေးအဆောက်အဦး (TLCs) ၅၀ ခုတို့ကို ပြန်လည်တည်ဆောက်ရန် အရေးတကြီးလိုအပ်နေသည်။ ဤပညာရေး အဆောက်အဦများသည် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့ရခြင်းဖြစ်သည်။ ကျောင်းစာသင်နှစ် စတင်နေပြီဖြစ်သည့်အတွက် ကလေးသူငယ်များ ပညာသင်ကြားနိုင်ရန် အရေးတကြီး လိုအပ်နေပါသည်။
- ချင်းပြည်နယ်တွင် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်း ၂၀ ကို ပြန်လည်တည်ဆောက်ရန် လိုအပ်နေကြောင်း အစီရင်ခံထားရာ၊ မင်းတပ်မြို့နယ်တွင် ၂ ကျောင်း၊ မတူပီမြို့နယ်တွင် ၁၃ ကျောင်း၊ ဖလမ်းမြို့နယ်တွင် ၂ ကျောင်း၊ တီးတိန်မြို့နယ်တွင် ၃ ကျောင်းတို့ဖြစ်ကြသည်။
- ကချင်ပြည်နယ်တွင် ဝိုင်းမော်မြို့နယ်ရှိ ရှအစ်ယန်၊ မဂါယန်နှင့် ပါကျောင် စခန်းများတွင် မုန်တိုင်းဒဏ်ခံစားခဲ့ရသော ကျောင်းသားကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း ပညာသင်ကြားနိုင်ရေးအတွက် သင်ကြားရေးပစ္စည်းများ လိုအပ်နေပါသည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

- ရခိုင်ပြည်နယ် -
    - မိတ်ဖက်အဖွဲ့များသည် စစ်တွေနှင့် ပေါက်တောမြို့နယ်များတွင် လုံးဝပျက်စီးသွားခဲ့သည့် ယာယီပညာသင်ကြားရေးအဆောက်အဦး (TLCs) ၁၅ ခုကို ပြန်လည်တည်ဆောက်ခဲ့ပြီး၊ စစ်တွေနှင့် မင်းပြားမြို့နယ်တို့တွင် ကျောင်းသားကျောင်းသူ ၃၃၅၀ ဦးအတွက် ယာယီပညာသင်ကြားရေးအဆောက်အဦး ၃ ခုကို တာပေါ်လင်များဖြင့် တည်ဆောက်ပေးခဲ့သည်။
    - မိတ်ဖက်အဖွဲ့များသည် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြောက်ဦးနှင့် မင်းပြားမြို့နယ်တို့တွင် ကျောင်းတက်ရောက်နေသော မူလတန်းကျောင်းသားကျောင်းသူများအား ကူညီပေးရန်အတွက် လွတ်လပ်စွာသင်ကြားရေးအစီအစဉ် (open learning program) တစ်ခုကို အကောင်အထည်ဖော်ခဲ့သည်။
    - မိတ်ဖက်အဖွဲ့တစ်ဖွဲ့သည် စစ်တွေမြို့နယ်မှ ကလေးသူငယ် ၂၁ ဦးနှင့် ပြုစုစောင့်ရှောက်သူ ၁၀ ဦးတို့ကို အရေးပေါ်အခြေအနေများအတွက် စိတ်ကျန်းမာရေးနှင့် စိတ်လူမှုဆိုင်ရာအထောက်အပံ့များပေးအပ်ခဲ့သည်။ အထူးလိုအပ်ချက်များ ရှိနေသည့် ကလေးသူငယ် ၂ ဦးကို တွေ့ရှိပြီး ပြည်လည်ထူထောင်ရေးအကူအညီရယူရန် လွှဲပြောင်းပေးနိုင်ခဲ့သည်။

- ချင်းပြည်နယ်တွင်၊ ပြည်နယ်ပညာရေးဦးစီးဌာနသည် မိတ်ဖက်အဖွဲ့များ၏ အကူအညီဖြင့် တီးတိန်၊ ဖလမ်း၊ မတူပီနှင့် ပလက်ဝမြို့နယ်များရှိ အစိုးရကျောင်းများသို့ အရေးပေါ်သင်ကြားရေးပစ္စည်း (ELP) ၂၁၈၆ စုံနှင့် ခေါင်မိုး ၂၄၀၀ ချပ်တို့ကို ထောက်ပံ့ပေးရန် စီစဉ်နေသည်။ ဟားခါးမြို့နယ်တွင် မိတ်ဖက်အဖွဲ့များသည် ရပ်ရွာမှ ဖွင့်လှစ်သည့် ကျောင်းများအတွက် အရေးပေါ်သင်ကြားရေးပစ္စည်း (ELP) ၂၀၀၀ စုံနှင့် ခေါင်မိုး ၂၀၀၀ ချပ်တို့ကို ဖြန့်ဝေပေးရန် စီစဉ်နေသည်။
- ကချင်ပြည်နယ်တွင်၊ မိတ်ဖက်အဖွဲ့များသည် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ဝိုင်းမော်မြို့နယ်ရှိ ရှအစ်ယန်တွင် မူလတန်းကျောင်း ၂ ကျောင်းကို ပြန်လည်ပြင်ဆင်နေပြီဖြစ်သည်။ ကျောင်းအခြေခံအဆောက်အဦများ ပြန်လည်ပြင်ဆင်ခြင်းနှင့်အတူ ကျောင်းများတွင် ရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေကျန်းမာရေး (WASH) လုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် စီစဉ်နေသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- မုန်တိုင်းကြောင့် ထိခိုက်ခံရသည့်ဒေသများတွင် များပြားလှသော အပျက်အစီးပုံများက ကြီးမားသော ပြဿနာတစ်ရပ်အဖြစ် ဆက်လက်ရှိနေပြီး၊ စာသင်ကျောင်းများ ပြန်လည်ပြင်ဆင်ခြင်းနှင့် ပြန်လည်ဖွင့်လှစ်ခြင်းတို့ကို နှောင့်နှေးစေသည်။ အချို့ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်နေခြင်းနှင့် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ (EO) ကဲ့သို့သော ထပ်တိုး အန္တရာယ်များကြောင့် ဤပြဿနာကို ပိုဆိုးစေပါသည်။
- ရခိုင်ပြည်နယ်တွင် ဝင်ရောက်ကူညီခွင့်များအား ကန့်သတ်လိုက်ခြင်းသည် ကျောင်းစာသင်နှစ် စတင်လာသည်နှင့်အမျှ လိုအပ်ချက်များကို ဆောလျင်စွာ ထောက်ပံ့ပေးရန် ကြိုးစားနေသည့် ပညာရေးမိတ်ဖက်အဖွဲ့များ၏ စွမ်းဆောင်ရည်ကို အကန့်အသတ်ဖြစ်စေသည်။ စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်များတွင် ယာယီပညာသင်ကြားရေးအဆောက်အဦး (TLCs) ၄၆ ခုနှင့် ကျောင်းပြင်ပ ပညာရေးဌာန ၁၃ ခုတို့ကို တည်ဆောက်ပေးမည့် မိတ်ဖက်အဖွဲ့တစ်ဖွဲ့ကလည်း ခွင့်ပြုချက်စောင့်ဆိုင်းနေဆဲဖြစ်သည်။
- ရန်ပုံငွေမလုံလောက်ခြင်းနှင့် ပစ္စည်းများ မရှိခြင်းတို့ကြောင့် ယာယီပညာသင်ကြားရေးအဆောက်အဦး (TLCs) တည်ဆောက်ခြင်းနှင့် ဖွင့်လှစ်ခြင်းတို့ကို နှောင့်နှေးစေပြီး၊ ပညာရေးဆိုင်ရာဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းကို ပိုမို ခက်ခဲစေသည်။

## စားနပ်ရိက္ခာဖူလုံရေး

**လိုအပ်ချက်များ**

- ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသတို့တွင် မုန်တိုင်းဒဏ်သင့်ဒေသများရှိ တောင်သူလယ်သမားများသည် ရေကြီး ရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် သီးနှံများ၊ မျိုးစေ့များနှင့် မြေသြဇာကောင်းသော လယ်ယာမြေများကို ဆုံးရှုံးနေကြရသည်။
- ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသတို့တွင် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍတို့သည် အလွန်ကြီးမားသော ဆုံးရှုံးမှုများကို ခံစားခဲ့ရပြီး၊ အသက်မွေးဝမ်းကျောင်းမှုအတွက် မရှိမဖြစ်လိုအပ်သော ပိုင်ဆိုင်မှုများအပေါ် သက်ရောက်မှုရှိခဲ့သည်။ စစ်တွေမြို့နယ်တွင် ထုတ်လုပ်ရေးစွမ်းအားစု၏ ထက်ဝက်ကျော် ဆုံးရှုံးခဲ့ရသည်။ ငါးဖမ်းလုပ်ငန်းသုံးပစ္စည်းများ၊ မျိုးစေ့များ၊ မြေသြဇာများနှင့် တိရစ္ဆာန်များ ဆုံးရှုံးမှုသည် စားနပ်ရိက္ခာထုတ်လုပ်ရေးကဏ္ဍတစ်ခုလုံးနှင့် အိမ်ထောင်စုများ ရှင်သန်ရပ်တည်နိုင်စွမ်းအပေါ် သက်ရောက်မှုများ ရှိနေသောကြောင့် ရေရှည်တွင် စားနပ်ရိက္ခာဖူလုံရေးအပေါ် ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာပါလိမ့်မည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

- မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ WFP သည် ရခိုင်ပြည်နယ်တစ်ခုတည်းတွင်ပင် ဘေးဒဏ်သင့်ပြည်သူစုစုပေါင်း ၃၇၇၁၀၀ ဦးသို့ စားနပ်ရိက္ခာအကူအညီများ ထောက်ပံ့ပေးခဲ့သည်။
- ရခိုင်ပြည်နယ်ရှိ ဘေးဒဏ်သင့်ပြည်သူများသို့ စားနပ်ရိက္ခာအကူအညီပေးရန်အတွက် ယနေ့အထိ ဆန်နှင့် အားဖြည့်ဘီစကွတ်မုန့် စုစုပေါင်း ၅၁၇၁ တန် (ပထမလအတွက် လျာထားသည့်ပမာဏ၏ ၅၀%) ကို ရန်ကုန်မြို့မှ သယ်ယူပို့ဆောင်ခဲ့ပြီးဖြစ်သည်။
- WFP သည် ရခိုင်ပြည်နယ်ရှိ ပုံမှန်အကူအညီရယူနေရသူများသို့ ငွေကြေးအကူအညီ လွှဲပြောင်းဖြန့်ဝေမှုများကို ပြန်လည်စတင်ရန် စီစဉ်နေပြီး၊ အထူးသဖြင့် ရခိုင်ပြည်နယ်အလယ်ပိုင်းရှိ ယခုမုန်တိုင်းဒဏ်ခံရသူများသို့လည်း တိုးချဲ့ထောက်ပံ့နိုင်ရန် မျှော်လင့်ထားကာ၊ ယခုအချိန်တွင် ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းနေသည်။

- ရခိုင်ပြည်နယ်တွင် မိတ်ဖက်အဖွဲ့တစ်ဖွဲ့သည် ကျောက်တော်၊ ရသေ့တောင်နှင့် ပုဏ္ဏားကျွန်းမြို့နယ်များမှ ကျေးရွာ ၄၀ ရွာတွင် cash-for-work စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ခဲ့သည်။ ထိုမိတ်ဖက်အဖွဲ့ကပင် မုန်တိုင်းကာလအတွင်း ဆုံးရှုံးခဲ့သည့် မျိုးစပါး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် လာမည့်စိုက်ပျိုးရာသီအတွင်း စပါးစိုက်ပျိုးထုတ်လုပ်နိုင်စွမ်းရှိစေရန်ရည်ရွယ်၍ ရသေ့တောင်မြို့နယ်ရှိ မုန်တိုင်းဒဏ်သင့် ကျေးရွာ ၁၀ ခုတွင်နေထိုင်နေကြသည့် အိမ်ထောင်စု ၁၀၀၀ သို့ အရေးပေါ် မျိုးစပါးများကို စတင်ဖြန့်ဝေပေးခဲ့သည်။
- FAO သည် အသေးစားငါးဖမ်းလုပ်သားများအတွက် အခြေအနေပေါ်မူတည်၍ ငါးဖမ်းလှေအသစ်များ၊ အင်ဂျင်ငယ်များနှင့် ငါးဖမ်းပိုက်များဝယ်ယူရန် ငွေကြေးထောက်ပံ့ခြင်းနှင့်အတူ၊ မုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့် ဆည်စနစ်နှင့် အခြေခံအဆောက်အဦများအတွက် cash-for-work အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ရေးကို ထောက်ပံ့ပေးရန် စီစဉ်နေပြီး၊ ခွင့်ပြုချက် စောင့်ဆိုင်းနေဆဲ ဖြစ်သည်။
- ကချင်ပြည်နယ်တွင် မိတ်ဖက်အဖွဲ့တစ်ဖွဲ့သည် မုန်တိုင်းကြောင့် ခိုလှုံရာနေအိမ်များ ထိခိုက်ပျက်စီးခဲ့ရသည့် IDP အိမ်ထောင်စု ၁၀ စုသို့ ဘက်စုံသုံး ငွေကြေးအကူအညီများကို ထောက်ပံ့ပေးခဲ့သည်။

**ကွာဟချက်များနှင့်အကန့်အသတ်များ**

- WFP သည် ဘူးသီးတောင်မြို့နယ်မြောက်ပိုင်းရှိ လူဦးရေ ၁၁၀၀၀ ဦးကို ကူညီရန်အသင့်ရှိနေပြီး၊ ခွင့်ပြုချက် စောင့်ဆိုင်းနေဆဲ ဖြစ်သည်။
- အနောက်မြောက်ပိုင်းဒေသတွင် ဆက်သွယ်ရေးဝန်ဆောင်မှုများကို ပြန်လည်ပြင်ဆင်နေပြီဖြစ်နေသော်လည်း၊ ယခုအချိန်အထိ စိတ်ချရမှုမရှိသေးသဖြင့် အစီအစဉ်နှင့် တုံ့ပြန်ရေးလုပ်ငန်းအခြေအနေများကို သိရှိနိုင်ရန် ဒေသခံ မိတ်ဖက်အဖွဲ့များသို့ ဆက်သွယ်ရာတွင် ခက်ခဲနေပါသည်။

## ကျန်းမာရေး

**လိုအပ်ချက်များ**

- မုန်တိုင်းကြောင့် ထိခိုက်သူ ၄၂၉၀၀၀ ဦးခန့်သည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကပ်ရောဂါအသွင်ဖြစ်ပွားလေ့ရှိသော ရောဂါများအား အချိန်မီ ကာကွယ် ကုသခြင်း အပါအဝင် မရှိမဖြစ်သော ကျန်းမာရေး ဝန်ဆောင်မှုများ လိုအပ်လျက်ရှိသည်။ ဘေးဒဏ်သင့်ကျေးရွာများ၊ မြို့များနှင့် IDP စခန်းများတွင် ဆေးကုသမှုနှင့် ဆေးဝါးပစ္စည်းလိုအပ်ချက်များသည် ထိပ်တန်းဦးစားပေးအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။ ဇွန်လ ၈ ရက်နေ့မှစတင်၍ လုပ်ငန်းများကို ယာယီရပ်ဆိုင်းထားပြီးနောက် ကျန်းမာရေးမိတ်ဖက်အဖွဲ့များ၏ လုပ်ငန်းများကို ဇွန်လ ၁၅ ရက်နေ့တွင် တစ်စိတ်တစ်ပိုင်း ပြန်လည်စတင်ခဲ့သည်။
- နောက်ဆုံး ကွင်းဆင်းလေ့လာမှုများအရ၊ ကျန်းမာရေးအဆောက်အဦ ၈၀၀ ကျော်သည် မိုခါမုန်တိုင်းကြောင့် ထိခိုက်ခဲ့ရကြောင်း အစီရင်ခံထားပါသည်။
- မေလ ၂၄ ရက်မှ ဇွန်လ ၁၄ ရက်အထိ ကာလအတွင်း IDP စခန်းများအပါအဝင် ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်ခဲ့သည့် မြို့နယ် ၁၀ မြို့နယ်၌ ဝမ်းပျက်ဝမ်းလျှော (AWD) လူနာစုစုပေါင်း ၁၆၁ ဦးနှင့် ရာသီတုပ်ကွေး (ILI) လူနာစုစုပေါင်း ၁၆၃ ဦးကို တွေ့ရှိရကြောင်း အစီရင်ခံထားသည်။ ဝမ်းပျက်ဝမ်းလျှော (AWD) ဖြစ်ပွားမှုသည် လွန်ခဲ့သော သုံးပတ်အတွင်းက ကျဆင်း ခဲ့သော်လည်း၊ ရာသီတုပ်ကွေး(ILI) ဖြစ်ပွားမှုမှာ တည်ငြိမ်မှုမရှိသေးပါ။

**တုံ့ပြန်ရေးလုပ်ငန်းများ**

- ကျန်းမာရေးမိတ်ဖက်အဖွဲ့များသည် မိုခါမုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ ရခိုင်ပြည်နယ်၊ အနောက်မြောက်ပိုင်းဒေသနှင့် ကချင်ပြည်နယ်တို့တွင် လူဦးရေ ၁၂၅၀၀ နီးပါးသို့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။
- ကျန်းမာရေးမိတ်ဖက်အဖွဲ့များသည် ဝမ်းပျက်ဝမ်းလျှော (AWD) လူနာများနှင့် သွေးလွန်တုပ်ကွေးနှင့် ဝက်သက်ကဲ့သို့သော ကပ်ရောဂါအသွင် ဖြစ်လာနိုင်ခြေမြင့်မားသည့် ရောဂါဖြစ်ပွားမှုများကို သတိထား၍ ဆက်လက်စောင့်ကြည့်နေပြီး၊ ရခိုင်ပြည်နယ်နှင့်

ကချင်ပြည်နယ်တို့တွင် လည်ပတ်ဆောင်ရွက်နေသည့် ကြိုတင်သတိပေးရေးနှင့် တုံ့ပြန်ရေးစနစ် (EWARS) ကို အသုံးပြု၍ အစီရင်ခံနေသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ဇွန်လ ၈ ရက်နေ့မှစ၍ ယာယီရပ်ဆိုင်းထားခဲ့သော ရွေ့လျားဆေးခန်းများဖြင့် ဝန်ဆောင်မှုပေးခြင်းကို ဇွန်လ ၁၅ ရက်နေ့တွင် တစ်စိတ်တစ်ပိုင်း ပြန်လည်စတင်ခဲ့သည်။
- ကျန်းမာရေးအစုအဖွဲ့၏ မိတ်ဖက်အဖွဲ့များသည် မိုခါမုန်တိုင်းဒဏ်ကို အပြင်းထန်ဆုံးခံခဲ့ရသည့် လူဦးရေ ၄၂၉၀၀၀ ဦးသို့ ရောက်ရှိနိုင်မည့် မရှိမဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို ထိရောက်စွာ ထောက်ပံ့ပေးနိုင်ရန်နှင့် ကပ်ရောဂါဖြစ်ပွားမှုအန္တရာယ် ကြိုတင်သတိပေးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ဝင်ရောက်ကူညီခွင့်များ အရေးတကြီးလိုအပ်နေသည်။

## အာဟာရ

**လိုအပ်ချက်များ**

- မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းတွင် အာဟာရဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများကို အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးထားပြီး ဖြစ်သော်လည်း အာဟာရအတွက် အစာနှင့်ဆေးတိုက်ကျွေးမှု ထောက်ပံ့ရေးပစ္စည်းများနှင့် အာဟာရအားဖြည့်ဆေးများ (micronutrients) ထုတ်ယူသည့် လုပ်ငန်းစဉ်တွင် အခက်အခဲများရှိနိုင်သေးကြောင်း အာဟာရအစုအဖွဲ့၏ မိတ်ဖက်အဖွဲ့များက အစီရင်ခံထားပါသည်။
- အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းပေးရေးအတွက် အာဟာရအားဖြည့်ဆေးများ (micronutrients) ကို ပြည်တွင်းတွင် ဝယ်ယူနိုင်ရန် ထပ်တိုးရန်ပုံငွေများ အရေးတကြီးလိုအပ်လျက်ရှိပါသည်။ ဤကဲ့သို့ ကြိုတင်ကာကွယ်သည့်နည်းလမ်းသည် ပြည်သူများ၏ ကျန်းမာရေးနှင့် ကောင်းမွန်စွာနေထိုင်နိုင်ရေးအတွက် အရေးကြီးပြီး မရှိမဖြစ်သော အာဟာရဓါတ်များကို ကာလရှည်ကြာစွာ ချို့တဲ့ခြင်းမှ ကာကွယ်ရန် ရည်ရွယ်ပါသည်။
- ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ် IDP စခန်းများရှိ မုန်တိုင်းကြောင့် လုံးဝပျက်စီးသွားခဲ့သော အာဟာရစင်တာ ၄ ခုကို ပြန်လည်တည်ဆောက်ရန် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ကျော်ကို အရေးတကြီး လိုအပ်နေသည်။ ဤအာဟာရစင်တာများသည် အာဟာရချို့တဲ့နေသည့် ကလေးသူငယ်များနှင့် နို့တိုက်မိခင်များအား ကုသပေးရာတွင် အရေးကြီးပါသည်။ လက်ရှိတွင် အသက် ၅ နှစ်အောက်ကလေးသူငယ် ၉၃၇ ဦးနှင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၂၂၀၄ ဦးတို့ကို အာဟာချို့တဲ့မှုကုသရေး အစီအစဉ်တွင် စာရင်းသွင်းထားပြီး၊ ထိုလူများအား အကူအညီပေးရန်အတွက် ဤအာဟာရစင်တာများကို အားကိုးနေရသည်။
- ရခိုင်ပြည်နယ်တွင် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘေးကင်းလုံခြုံသော မိခင်နို့တိုက်ကျွေးရာနေရာ ၄၁ ခုအနက် ၁၈ ခုတို့ကို ပြန်လည်ပြင်ဆင်နိုင်ရန် သိသာသော ရန်ပုံငွေထောက်ပံ့မှုရရှိရန်လည်း လိုအပ်နေသည်။ ဤနေရာများသည် အုပ်စုလိုက်ပညာပေးခြင်း၊ တစ်ဦးချင်းနှစ်သိမ့်ဆွေးနွေးခြင်း၊ အစားအစာချက်ပြုတ်မှုသရုပ်ပြခြင်း၊ အားလုံးလွှမ်းခြုံအာဟာရဖြည့် အစားအစာများ ဖြန့်ဝေပေးခြင်းစသည့် အာဟာရဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရေးကြီးပါသည်။
- ရခိုင်ပြည်နယ်တွင် မကြာသေးမီကာလအတွင်း ကွင်းဆင်းလေ့လာမှုများကို အခြေခံလျက်၊ စစ်တွေမြို့နယ် သက္ကေပြင်စခန်းရှိ ဘက်စုံအာဟာရစင်တာ ယာယီနေရာတွင် အောက်ပါ ပြဿနာအချို့ကို တွေ့ရှိခဲ့သည် -
    - ဤဧရိယာသည် သန့်ရှင်းမှုမရှိဘဲ၊ စိုစွတ်နေသည့်အတွက် ကလေးသူငယ်များစောင့်ဆိုင်းနေစဉ်အတွင်း ဆော့ကစားရန် မသင့်တော်ကြောင်း တွေ့ရှိရသည်။ ဤပြဿနာကို ဖြေရှင်းရန်အတွက် ကြိုတင်ကာကွယ်ရေး နည်းလမ်းတစ်ခုအဖြစ် သဲအိတ်အကာအရံများကို ထားရှိသွားမည်။
    - ကလေးသူငယ်များ၏ ကိုယ်အလေးချိန် တိုင်းတာရန် လက်ရှိအသုံးပြုနေသည့် salter scales ပေါင်ချိန်စက်များသည် အမှတ်အသားများကို ဖတ်ရှုရန် ခက်ခဲသည့်အတွက် ယင်းပေါင်ချိန်စက်များကို အစားထိုးပေးရမည်။

- ○ လက်ရှိတွင် လူနာကြည့်ရှုဆွေးနွေးရန် စောင့်ဆိုင်းချိန်သည် ဆေးအဖွဲ့၏ စွမ်းဆောင်ရည်အကန့်အသတ်ရှိမှုကြောင့် ကြာမြင့်နေပါသည်။ လူနာများကို အချိန်နှင့်တပြေးညီ ကြည့်ရှုနိုင်ရေးအတွက် ရရှိနိုင်သော ဝန်ထမ်းအင်အားဖြင့် စီစဉ်ဆောင်ရွက်နေသည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

- ရခိုင်ပြည်နယ်တွင် အာဟာရအစုအဖွဲ့၏ မိတ်ဖက်အဖွဲ့များသည် စစ်တွေနှင့် ပေါက်တောမြို့နယ်တို့ရှိ ဘက်စုံကုသရေးစင်တာ ၁၄ ခု အနက် ၁၂ ခုတို့တွင် အာဟာရဆိုင်ရာ အဓိကတုံ့ပြန်ရေးအစီအစဉ်များကို ပြန်လည်စတင်နေပြီဖြစ်သည်။ ဖြန့်ကြက်ရောက်ရှိမှုကို အမြင့်ဆုံးဖြစ်စေရေးအတွက် လုပ်ငန်းလည်ပတ်နေသည့် စင်တာ ၁၂ ခုအနက် ၅ ခုတို့တွင် ယာယီကုသရေးအတွက် အမိုးအကာများဆောက်လုပ်၍ လုပ်ငန်းများ ဆောင်ရွက်နေကြသည်။
- ယနေ့အထိ ရခိုင်ပြည်နယ်ရှိ ဦးစားပေးမြို့နယ် ၈ မြို့နယ်မှအသက် ၅ နှစ်အောက် ကလေးသူငယ် ၇၃၈၄ ဦးနှင့် ပြုစုစောင့်ရှောက်သူ ၁၅၂၈ ဦးတို့ပါဝင်သည့် ဘေးဒဏ်သင့်ပြည်သူ ၈၉၁၂ ဦးတို့သည် အာဟာရဆိုင်ရာ အကူအညီများကို လက်ခံရရှိခဲ့ကြသည်။ ယင်းလူဦးရေအနက် ပြင်းထန်အာဟာရချို့တဲ့မှု (SAM) ရှိနေသည့် ကလေးသူငယ် ၁၈၉ ဦး (ယောကျ်ားလေး ၈၅ ဦးနှင့် မိန်းကလေး ၁၀၄ ဦး)နှင့် အသင့်အတင့်အာဟာရချို့တဲ့မှု (MAM) ရှိနေသည့် ကလေးသူငယ် ၂၀၀ ဦး (ယောကျ်ားလေး ၉၉ ဦးနှင့် မိန်းကလေး ၁၀၁ ဦး) တို့သည် ဆေးကုသမှုခံယူခဲ့ပြီး၊ အာဟာရချို့တဲ့မှုရှိနေသည့် ပြုစုစောင့်ရှောက်သူ ၃၄ ဦးတို့သည် သင့်လျော်သော အာဟာရ တိုက်ကျွေးကုသမှုများကို လက်ခံရရှိခဲ့သည်။ ထို့အပြင် ပြုစုစောင့်ရှောက်သူ ၉၁၁ ဦးတို့အား မိခင်နို့တိုက်ကျွေးခြင်း၊ ဖြည့်စွက်စာတိုက်ကျွေးခြင်းနှင့်စပ်လျဉ်း၍ တစ်ဦးချင်း ကြည့်ရှုဆွေးနွေးမှုများကို ပြုလုပ်ပေးခဲ့သည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- အာဟာရအစုအဖွဲ့သည် မုန်တိုင်းမတိုက်ခတ်မီအချိန်ကပင် အဓိကကျန်းမာရေးပြဿနာတစ်ခုဖြစ်နေသည့် သွေးအားနည်းရောဂါ ဖြစ်ပွားမှုများပြားသော ဒေသများတွင် အာဟာရဓါတ်ကြွယ်ဝသောအစားအစာများ ပြတ်တောက်မှုဖြစ်ပေါ်မည်ကို အထူးပင် စိုးရိမ်နေပါသည်။
- ရခိုင်ပြည်နယ်တွင် ပေါက်တောမြို့နယ်ရှိ မိတ်ဖက်အဖွဲ့များသည် သယ်ယူပို့ဆောင်ရေးပြတ်တောက်မှုများကို ဆိုးရွားစွာ ရင်ဆိုင်နေရပြီး၊ ကျေးရွာပေါင်း ၂၄ ခုတွင် အာဟာရဆိုင်ရာသတင်းစကားများကို အုပ်စုလိုက်ဖြန့်ဝေခြင်းနှင့် လူနာကြည့်ရှုဆွေးနွေးပေးခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် အဟန့်အတားဖြစ်နေသည်။ သို့ရာတွင် မိတ်ဖက်အဖွဲ့များသည် မိုဘိုင်းဖုန်း ဆက်သွယ်မှုရရှိသည့် ဘေးဒဏ်သင့်ကျေးရွာအချို့အတွက် ဖုန်းဖြင့် လူနာကြည့်ရှုဆွေးနွေးပေးခြင်းအပါအဝင် အစားထိုး နည်းလမ်းများကို ဖြစ်နိုင်သမျှ ရှာဖွေဆောင်ရွက်လျက်ရှိပါသည်။
- အာဟာရချို့တဲ့မှုရှိနေသော ထိခိုက်လွယ်သည့် ကလေးသူငယ်များနှင့် ၎င်းတို့အား ပြုစုစောင့်ရှောက်ပေးသူများသို့ အာဟာရဆိုင်ရာ ကုသရေးနှင့် ကြိုတင်ကာကွယ်ရေးဝန်ဆောင်မှုများဆောင်ရွက်ပေးမည့် အဖွဲ့အစည်းများအတွက် ခွင့်ပြုချက်အပါအဝင်၊ ဝင်ရောက်ကူညီခွင့်များ ရရှိရေးသည် အာဟာရဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ရေးအတွက် အဓိက အခက်အခဲတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

## ကာကွယ်စောင့်ရှောက်မှုပေးရေး

**လိုအပ်ချက်များ**

**အထွေထွေကာကွယ်စောင့်ရှောက်ရေး**

- မုန်တိုင်းဒဏ်သင့် ဒေသများတွင် ပေါက်ကွဲစေတတ်သောလက်နက်ပစ္စည်းများ/မြေမြှုပ်မိုင်းများ အန္တရာယ်သည် ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အဓိကပြဿနာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ မုန်တိုင်းတိုက်ခတ်ပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီးရှိ ရွှေဘိုနှင့် ဝက်လက်မြို့နယ်တို့တွင် ပေါက်ကွဲစေတတ်သောလက်နက်ပစ္စည်း/မြေမြှုပ်မိုင်းဖြစ်ရပ် ၂ ခုကို အစီရင်ခံထားပြီး၊ မကွေးတိုင်း ဒေသကြီး၊ ပခုက္ကူမြို့တွင်လည်း ပြန်လည်အသုံးပြုနိုင်သည့်စွန့်ပစ်ပစ္စည်းများကိုကောက်ယူနေသည့် အမျိုးသမီးငယ် တစ်ဦးသည် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းကြောင့် သေဆုံးခဲ့ရကြောင်း အစီရင်ခံထားသည်။

- ရခိုင်ပြည်နယ်တွင် -
  - ခိုလှုံရာနေရာများ မရှိခြင်း၊ မုန်တိုင်းအလွန် အန္တရာယ်များရှိခြင်း၊ နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများ ဆုံးရှုံးခြင်း၊ မိမိကိုယ်ကိုအဆုံးစီရင်ခြင်း/အဆုံးစီရင်ရန်ကြိုးစားခြင်းတို့နှင့်အတူ၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများနှင့် အခြေခံဝန်ဆောင်မှုများကို မရရှိခြင်း၊ ဝင်ငွေရလမ်းကြောင်းများ ဆုံးရှုံးခြင်း၊ သတင်းအချက်အလက်များ မရရှိခြင်း စသည်တို့နှင့် ဆက်စပ်ဖြစ်ပေါ်သည့် အခြားသော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကြောင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြဿနာများ မြင့်တက်လာနေပါသည်။
  - ရခိုင်ပြည်နယ်တွင် အထူးသဖြင့် မင်းပြား၊ မြောက်ဦး၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့နယ်များ၌ ခိုးမှု၊ လုယက်မှု၊ ဖောက်ထွင်းမှုကဲ့သို့သော အသေးစားရာဇဝတ်မှုများ များပြားလာကြောင်း မိတ်ဖက်အဖွဲ့များက အစီရင်ခံထားသည်။ ဝင်ရောက်ကူညီခွင့်အခက်အခဲများကြောင့် လူသားချင်းစာနာမှုအကူအညီများ နှောင့်နှေးနေခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးရခြင်းတို့ကြောင့် ရာဇဝတ်မှုများ ထပ်မံတိုးလာဖွယ်ရှိပါသည်။
  - ရခိုင်ပြည်နယ်ရှိ IDP စခန်းများအားလုံးတွင် အထူးသဖြင့် ကလေးသူငယ်များရေနစ်ခြင်းမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကန်များအား ခြံစည်းရိုးပြန်ခတ်ခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။
- အနောက်မြောက်ပိုင်းဒေသတွင် -
  - လုံခြုံမှု သို့မဟုတ် တည်ငြိမ်မှုမရှိသော ပတ်ဝန်းကျင် အခြေအနေများကြောင့် စိတ်ကျန်းမာရေးနှင့် စိတ်လူမှုဆိုင်ရာအထောက်အပံ့ (MHPSS) လိုအပ်ချက်များ ဆက်လက်မြင့်မားနေဆဲဖြစ်သည်။ ဘေးဒဏ်သင့်ပြည်သူ အချို့သည် အကူအညီများကို အကန့်အသတ်ဖြင့်သာ ရရှိခြင်း၊ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းမရှိခြင်း၊ မသေချာမှုများရှိနေခြင်းနှင့် အချို့ဒေသများတွင် လက်နက်ကိုင် တိုက်ပွဲများကြောင့် မတည်ငြိမ်မှုများရှိနေခြင်းတို့နှင့် ဆက်စပ်လျက် စိုးရိမ်မှုများကို အရင်းခံသည့် စိတ်သောကများ၊ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများနှင့် လုံးပန်းနေကြရခြင်းကြောင့် မုန်တိုင်းအလွန်ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ကို ပို၍ ခက်ခဲရှုပ်ထွေး စေသည်။

**ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး**

- ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်ပေးသူများသည် မုန်တိုင်းကြောင့် စိတ်လူမှုဆိုင်ရာ သောကများ၊ စိုးရိမ်ပူပန်မှုများနှင့် စိတ်ဖိစီးမှုများကို ဆက်လက် ကြုံတွေ့နေရပြီး၊ သီးသန့်ရည်ရွယ်ထားသော စိတ်လူမှုဆိုင်ရာအထောက်အပံ့ (PSS) များ လိုအပ်နေသည်။
- ကလေးပျော်နေရာများ (CFSs) သို့ မသွားနိုင်ခြင်း သို့မဟုတ် ကျောင်းမတက်နိုင်ခြင်းကြောင့် အပျက်အစီးပုံများနှင့် ရေထဲတွင် အုပ်ထိန်းကြီးကြပ်သူမပါဘဲ ဆော့ကစားနေကြသည့် ကလေးသူငယ်များအတွက် ထိခိုက်ဒဏ်ရာရမှုနှင့် အန္တရာယ်များကို ဖြစ်စေသည်။ ဤအခြေအနေသည် ပိုမိုကြာမြင့်လာသည်နှင့်အမျှ လူကုန်ကူးခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်းနှင့် အလွဲသုံးခံရခြင်း ကဲ့သို့သော ထပ်တိုးအန္တရာယ်ဖြစ်နိုင်ခြေများ ပိုများလာဖွယ်ရှိသည်။
- အထူးသဖြင့် အချို့ဒေသများတွင် မိသားစုအတွက် စားနပ်ရိက္ခာမရှိခြင်းကြောင့်၊ ဘေးဒဏ်သင့်ဒေသများတွင် မိသားစုဝင်ငွေကူညီရှာဖွေပေးရန်အတွက် ကလေးလုပ်သားများတိုးလာကြောင်း မိတ်ဖက်အဖွဲ့များက အစီရင်ခံထားသည်။ ဤအခြေအနေသည်လည်း ပိုမိုဆိုးရွားလာဖွယ်ရှိနေသည်။
- ကလေးသူငယ်များသည် အိမ်သာများမရှိခြင်းကြောင့် တောထဲသို့သွားနေရကြောင်း အစီရင်ခံချက်များ ရရှိထားပြီး၊ WASH အဆောက်အဦများ မလုံလောက်မှုကြောင့် ကလေးသူငယ်များအတွက် ကျား/မအခြေပြုအကြမ်းဖက်မှု (GBV) အန္တရာယ်ဖြစ်နိုင်ခြေများ အပါအဝင် ဘေးကင်းလုံခြုံရေးဆိုင်ရာ ပြဿနာများ ရှိလာကြောင်း အစီရင်ခံထားပါသည်။
- မိုခါမုန်တိုင်းသည် အိမ်ထောင်စုများ၏ စုပေါင်းဝင်ငွေကို ထိခိုက်စေပြီး၊ ကလေးသူငယ်များအား အိမ်နှင့် ရပ်ရွာအသိုင်းအဝိုင်းအတွင်း ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးသည့်စနစ်များကို အားနည်းစေခဲ့သည်။ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ကွင်းဆင်းလေ့လာမှုအတွင်း တွေ့ရှိချက်များအရ မိဘများနှင့် ပြုစုစောင့်ရှောက်သူများသည် အခြေခံ စားဝတ်နေရေးပြေလည်ရန် ကြိုးစားလျက် စိတ်ဖိစီးမှုများနေကြသည့်အတွက်ကြောင့်လည်းကောင်း၊ သင့်လျော်သော စောင့်ရှောက်မှု သို့မဟုတ် အုပ်ထိန်းမှု မပေးနိုင်ခြင်းကြောင့်လည်းကောင်း၊ ကလေးသူငယ်များ ကျောင်းမတက်တော့သောကြောင့်လည်းကောင်း၊ လွန်ခဲ့သောလက ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုများ တိုးမြင့်လာခဲ့ကြောင်း အစီရင်ခံထားသည်။

- အသစ်ပေါ်ပေါက်လာနေသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေတစ်ခုမှာ ဘေးကင်းလုံခြုံမှု မရှိသော ရွှေ့ပြောင်းသွားလာနေထိုင်မှု ဖြစ်သည်။ ချင်းပြည်နယ်တွင် ထန်တလန်မြို့နယ်မှ အသက် ၁၆ နှစ်မှ ၁၈ နှစ်ကြားရှိ ကလေးသူငယ်များသည် မလေးရှားနိုင်ငံသို့ ရွှေ့ပြောင်းသွားနေကြောင်း အစီရင်ခံထားသည်။ ရခိုင်ပြည်နယ်တွင် ကလေးသူငယ်များ အပါအဝင် လူများသည် မကြာခဏနေရပ်စွန့်ခွာရမှုများနှင့် ရင်းမြစ်များ နည်းပါးခြင်းတို့ကြောင့် မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းတွင် အထူးသဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ ထွက်ခွာနေကြကြောင်း မိတ်ဖက်အဖွဲ့များက အစီရင်ခံထားသည်။
- အထူးသဖြင့် ကလေးသူငယ်များအတွက် အဝတ်အစားများမရှိခြင်းကြောင့်၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပစ္စည်းများလည်း ဆက်လက်လိုအပ်နေဆဲဖြစ်သည်။

**ကျား/မအခြေပြုအကြမ်းဖက်မှု**

- ရခိုင်ပြည်နယ်တွင် မုန်တိုင်းဒဏ်သင့် မြို့နယ် ၁၂ ခုမှ အမျိုးသမီးနှင့် မိန်းကလေး အနည်းဆုံး ၂၁၇၀၀၀ ဦးအတွက် **တစ်**ကိုယ်ရေသုံးကျန်းမာရေးပစ္စည်းများ၊ (dignity kits)၊ သန့်ရှင်းရေးနှင့် ဓမ္မတာကျန်းမာရေးပစ္စည်းများ လိုအပ်နေဆဲဖြစ်သည်။
- ခိုလှုံရာနေရာများ၊ ရေ၊ သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဆောက်အဦများ ကြီးမားစွာ ပျက်စီးထိခိုက်ခဲ့ရသောကြောင့် မုန်တိုင်းဒဏ်သင့် ဒေသများမှ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ဆိုးကျိုးများ သက်ရောက်ခဲ့သည်။ အသက်ကယ်ဆယ်ရေး အရေးပေါ်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ဆောင်မှုများအား ဝင်ရောက်ပေးအပ်ခွင့်ရရှိရေးသည် အရေးအကြီးဆုံးသော စမှတ်ဖြစ်သည်။ ထို့အပြင် မီးအလင်းရောင် မလုံလောက်ခြင်းနှင့် အိမ်သာများကို သီးခြားနေရာများတွင် ထားရှိခြင်းတို့အပါအဝင် သန့်ရှင်းရေးနေရာများနှင့် သောက်သုံးရေ လုံလောက်စွာ မရှိခြင်းတို့ကြောင့် အမျိုးသမီးများနှင့် ဆယ်ကျော်သက်ရွယ်မိန်းကလေးများအတွက် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုနှင့် ထိပါးနှောင့်ယှက်မှုခံရနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေများ တိုးပွားလာစေသည်။
- GBV မှရှင်သန်ကျန်ရစ်သူများအပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ကြိုတင်ကာကွယ်ပေးရေးဝန်ဆောင်မှုများနှင့် လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ မလုံလောက်ပါ။ ရခိုင်ပြည်နယ်တွင် အမျိုးသမီးအကျိုးပြုနေရာ ၁၆ ခုခန့် ထိခိုက်ပျက်စီးခဲ့ရသည်။ အမျိုးသမီးများနှင့် မိန်းကလေးများအား ဆေးကုသမှုနှင့် PSS အကူအညီများပေးနိုင်ရန်အတွက် ယာယီခိုလှုံရာနေရာများနှင့် ဘေးကင်းလုံခြုံသော နေရာများ လိုအပ်နေပါသည်။
- အနောက်မြောက်ပိုင်းဒေသတွင် အထူးသဖြင့် ချင်းပြည်နယ်၌ မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း မိမိ၏ လက်တွဲဖော်က အကြမ်းဖက်ခြင်းအပါအဝင် အိမ်တွင်းအကြမ်းဖက်မှုများနှင့် မိသားစုတွင်း အချင်းများမှုများ တိုးလာကြောင်း အစီရင်ခံထားသည်။ လူနေထူထပ်ကြပ်တည်းသည့် ခိုလှုံရာနေရာများတွင် နေထိုင်နေရဆဲဖြစ်သည့် မုန်တိုင်းဒဏ်သင့် ပြည်သူများအကြားတွင် အသိအမြင် တိုးပွားစေရေး သတင်းစကားများကို ဖြန့်ဝေပေးရန် လိုအပ်နေပါသည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

**အထွေထွေကာကွယ်စောင့်ရှောက်ရေး**

- ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းအန္တရာယ် ပညာပေးခြင်း (EORE) နှင့် အသိအမြင်တိုးပွားစေရေး လုပ်ငန်းများကို မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ဆက်လက်ပြုလုပ်နေသည်။ မိတ်ဖက်အဖွဲ့များသည် အသေးစိတ်ပြင်ဆင်ထားသော ဘေးအန္တရာယ်ကင်းရှင်းရေး သတင်းစကားများကို ရပ်ရွာလူထုအား တိုက်ရိုက်ရှင်းပြခြင်း၊ ပိုစတာများနှင့် အခြားစာစောင်များဖြင့် ဖြန့်ဝေခြင်း၊ လူမှုမီဒီယာတွင် လှုပ်ရှားမှုပြုလုပ်ခြင်းနှင့် ဒေသတွင်း ရေဒီယိုလိုင်းများမှတစ်ဆင့် ဖြန့်ဝေပေးနေသည်။
- ရခိုင်ပြည်နယ်တွင် ကာကွယ်စောင့်ရှောက်မှုပေးရေး အဖွဲ့အစည်းအချို့က ဆောင်ရွက်ထားသည့် ရပ်ရွာလူထုအတွက် အရေးပေါ်ဖုန်းလိုင်းများနှင့် ဖြန့်ကြက်ရောက်ရှိရေးလုပ်ငန်းစဉ်များကို ပြန်လည်တည်ထောင်နိုင်ခဲ့သည့်အတွက် ဘေးဒဏ်သင့် ပြည်သူများက အကူအညီများကို တောင်းခံနိုင်ပြီး တုံ့ပြန်ချက်နှင့် တိုင်ကြားချက်များကို ထောက်ပံ့ပေးနိုင်စွမ်း ရှိလာစေသည်။

**ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး**

- မိတ်ဖက်အဖွဲ့များသည် ဘေးဒဏ်သင့်ဒေသများနှင့် နေရပ်စွန့်ခွာနေရာများတွင် ကလေးပျော်နေရာများ (CFSs) ကို ပြန်လည်တည်ဆောက်ခြင်း သို့မဟုတ် အသစ်တည်ထောင်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်နေသည်။ ယနေ့အထိ၊ ရခိုင်ပြည်နယ်တွင် CFSs ၂ဝ၈ ခုနှင့် အနောက်မြောက်ပိုင်းဒေသတွင် CFSs ၁ဝ၁ ခု၊ စုစုပေါင်း CFSs ၃ဝ၉ ခုကို ပြန်လည်တည်ထောင်ခဲ့ပြီးဖြစ်သည်။
- စိတ်လူမှုဆိုင်ရာအထောက်အပံ့ (PSS) နှင့် စိတ်ပိုင်းဆိုင်ရာရှေးဦးပြုစုခြင်း (PFA) လုပ်ငန်းများကိုလည်း ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်း၏ မရှိမဖြစ်သော အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်ဆောင်ရွက်နေသည်။ ယနေ့အထိ မိတ်ဖက်အဖွဲ့များသည် ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသတို့တွင် လူဦးရေ ၃၄၃၅၂ ဦး (မိန်းကလေး ၁၅၁၁ ဦး၊ ယောကျ်ားလေး ၁၆ဝ၃၉ ဦး၊ မသန်စွမ်းသူကလေးငယ် ၁၉ ဦး၊ မသန်စွမ်းသူ ၄ ဦးပါဝင်သည့် ပြုစုစောင့်ရှောက်သူ ၂၈ဝ၂ ဦး) သို့ အကူအညီများ ဖြန့်ကြက်ပေးအပ်နိုင်ခဲ့သည်။
- အသိအမြင်တိုးပွားရေးလုပ်ငန်းများနှင့် ရပ်ရွာလူထုကိုယ်တိုင်ဆောင်ရွက်သည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များအား ခိုင်မာအားကောင်းစေခြင်းတို့အပါအဝင် ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်ရေးလုပ်ငန်းစဉ်များသည် တုံ့ပြန်ရေး လုပ်ငန်းများ၏ ဗဟိုအချက်အချာဖြစ်သည်။ ယနေ့အထိ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သတင်းစကား/ အချက်အလက်များ မျှဝေခြင်းနှင့် အသိအမြင်တိုးပွားစေရေးလုပ်ငန်းများသည် ဘေးဒဏ်သင့်ပြည်သူ ၃၁၅၆၆ ဦး (အနောက်မြောက်ပိုင်း ဒေသတွင် ၁၃၇၆၈ ဦးနှင့် ရခိုင်ပြည်နယ်တွင် ၁၇၇၉၈ ဦး) သို့ ဖြန့်ကြက်ရောက်ရှိခဲ့သည်။
- မိတ်ဖက်အဖွဲ့များသည် မိသားစုတွင်း အနုတ်လက္ခဏာဆောင်သော ဖြေရှင်းရေးနည်းလမ်းများအသုံးပြုမှုကို လျှော့ချရန်အတွက် အပြုသဘောဆောင်သော မိဘအုပ်ထိန်းမှုခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲများကို အနည်းဆုံး ၂၂ ကြိမ်ပြုလုပ်ပေးနိုင်ခဲ့သည်။
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲခြင်း (case management) ကိုလည်း ဦးစားပေးတစ်ခုအဖြစ် ဆက်လက်ဆောင်ရွက်နေရာ၊ ယနေ့အထိ ကလေးသူငယ် ၂၂၄၉ ဦး (အနောက်မြောက်ပိုင်းဒေသတွင် ၁၇၅၄ ဦးနှင့် ရခိုင်ပြည်နယ်တွင် ၄၉၅ ဦး) သို့ ဖြန့်ကြက်ရောက်ရှိခဲ့ပြီး၊ ယင်းအရေအတွက်တွင် မသန်စွမ်းသူကလေးငယ် ၂ ဦးလည်း ပါဝင်သည်။ အဖော်မပါသော ကလေးသူငယ်များနှင့် မိသားစုနှင့် ကွဲကွာနေသော ကလေးသူငယ်များကို ဖော်ထုတ်တွေ့ရှိရပါက ဖြစ်ရပ်စီမံခန့်ခွဲခြင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် အစားထိုး စောင့်ရှောက်မှုပေးခြင်း (alternative care) ကိုလည်း ဆက်လက် ဆောင်ရွက်နေသည်။
- ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများအတွက် အကူအညီပေးရေးဌာနများ (help desks) တွင် မိသားစုလျင်မြန်စွာ ပြန်လည် ပေါင်းစည်းရေးအကူအညီများနှင့် အခြားသတင်းအချက်အလက်များကို ထောက်ပံ့ပေးနေသည်။ ယနေ့အချိန်အထိ အကူအညီပေးရေး ဌာနများကို အနောက်မြောက်ပိုင်းဒေသတွင် ၇၆ ခုနှင့် ရခိုင်ပြည်နယ်တွင် ၁၄၁ ခု တည်ထောင်ထားပြီးဖြစ်သည်။
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးပစ္စည်းများကို ဝယ်ယူပြီး ဆက်လက်ဖြန့်ဝေပေးနေရာ၊ အနောက်မြောက်ပိုင်းဒေသတွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးပစ္စည်း ၄၆၉ စုံကိုလည်းကောင်း၊ ရခိုင်ပြည်နယ်တွင် ၈၈၇ စုံကိုလည်းကောင်း ဖြန့်ဝေပေးထားပြီးဖြစ်သည်။
- မိတ်ဖက်အဖွဲ့များသည် ဆယ်ကျော်သက်ရွယ်များအား ကူညီရေးအစီအစဉ်တစ်ခုကိုလည်း စတင်ဆောင်ရွက်ခဲ့သည်။ အစီရင်ခံမှု မပြည့်စုံသေးသော်လည်း ရခိုင်ပြည်နယ်တွင် ကလေးသူငယ် ၇၂ ဦး (မသန်စွမ်းသူ ကလေးသူငယ်တစ်ဦးအပါအဝင် မိန်းကလေး ၂၉ ဦးနှင့် ယောကျ်ားလေး ၄၃ ဦး) သို့ ဖြန့်ကြက်ရောက်ရှိထားပြီးဖြစ်သည်။
- မုန်တိုင်းဒဏ်သင့် ပြည်သူများအကြားတွင် GBV နှင့် ရွှေ့ပြောင်းနေထိုင်မှုခေါင်းစဉ်ဖြင့် အသိအမြင်တိုးပွားစေရေးဆိုင်ရာ အသေးစား ဆွေးနွေးပွဲအချို့ကို ပြုလုပ်ပေးနိုင်ခဲ့သည်။

ကျား/မအခြေပြုအကြမ်းဖက်မှု

- မိတ်ဖက်အဖွဲ့များသည် ဘေးဒဏ်သင့်ပြည်သူများအကြား ကျား/မအခြေပြုအကြမ်းဖက်မှု (GBV) နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းမှ ကြိုတင်ကာကွယ်ခြင်း (PSEA) ဆိုင်ရာ သတင်းစကားများကို ဖြန့်ဝေပေးခြင်း၊ အသိအမြင်တိုးပွားစေရေး ဆွေးနွေးပွဲများနှင့် အိမ်တိုင်ရာရောက်တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်နေသည်။
- ရခိုင်ပြည်နယ်တွင် -

  - မိတ်ဖက်အဖွဲ့များသည် မြေပုံ၊ စစ်တွေနှင့် မောင်တောမြို့နယ်များတွင် တစ်ကိုယ်ရေသုံး ကျန်းမာရေးပစ္စည်း (dignity kits) စုစုပေါင်း ၂၂၃၀ စုံကို လွန်ခဲ့သော ရက်သတ္တပတ်အတွင်းက ဖြန့်ဝေပေးခဲ့ပြီး၊ နောက်ထပ် ၇၃၀၀ စုံကို လာမည့်ရက်သတ္တပတ်အတွင်း ဖြန့်ဝေပေးရန် စီစဉ်ထားသည်။
  - စစ်တွေမြို့တွင် အမျိုးသမီးနှင့် မိန်းကလေးများအတွက် အကူအညီပေးရေးစင်တာ ၁၀ ခုကို ပြန်လည်ပြင်ဆင်ထားပြီး ဖြစ်သည်။ စစ်တွေ၊ ပေါက်တော၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့နယ်များတွင် သက်မွေးပညာသင်တန်းများအပါအဝင် အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးရေးအစီအစဉ်များကို ပြန်လည်စတင်နေပြီဖြစ်သည်။
  - စစ်တွေ၊ ပေါက်တော၊ ကျောက်တော်၊ ဘူးသီးတောင်၊ မြေပုံ၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ မောင်တောနှင့် မြောက်ဦးမြို့နယ်များရှိ အမျိုးသမီးနှင့် မိန်းကလေးများအတွက် အကူအညီပေးရေးစင်တာ ၃၄ ခုတွင် GBV ဖြစ်ရပ်စီမံခန့်ခွဲရေး၊ PFA နှင့် PSS တို့အပါအဝင် GBV ဝန်ဆောင်မှုများကို ပေးအပ်ခဲ့သည်။
  - GBV နှင့် MHPSS ဆိုင်ရာ ဘက်စုံဝန်ဆောင်မှုများထောက်ပံ့ပေးမည့် ရွေ့လျားအဖွဲ့ ၃ ဖွဲ့သည် မောင်တော၊ ဘူးသီးတောင်နှင့် စစ်တွေမြို့နယ်များရှိ ကျေးရွာ ၂၀ တွင် လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။
- အနောက်မြောက်ပိုင်းဒေသတွင် -
  - မကွေးတိုင်းဒေသကြီး၊ ပေါက်၊ မြိုင်နှင့် ဂန့်ဂေါမြို့နယ်များတွင် ကျေးရွာ ၆ ရွာမှ ကိုယ်ဝန်ဆောင်မိခင် ၃၀ ဦးသို့ ငွေကြေးအကူအညီများထောက်ပံ့ပေးခဲ့သည်။ ဆက်လက်၍ ပခုက္ကူနှင့် ဂန့်ဂေါမြို့နယ်များတွင် ရက်အနည်းငယ်အတွင်း လူဦးရေ ၅၄၀ ဦးသို့ တစ်ဦးလျှင် ၃၄၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၁၆ ခန့်) နှုန်းဖြင့် ဖြန့်ဝေရန် စီစဉ်ထားသည်။ မိတ်ဖက်အဖွဲ့တစ်ဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် GVB မှ ရှင်သန်ကျန်ရစ်သူ ၆ ဦးသို့ PSS နှင့်အတူ ငွေကြေးအကူအညီများကို ထောက်ပံ့ပေးခဲ့သည်။
  - စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှ မြို့နယ် ၁၂ ခုတွင် ကျား/မအခြေပြုအကြမ်းဖက်မှု (GBV)၊ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများ (SRHR)၊ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုဆိုင်ရာအထောက်အပံ့များ (MHPSS) စသည့် ခေါင်းစဉ်များဖြင့် အသိအမြင်တိုးပွားစေရေးဆွေးနွေးပွဲ များကို ဆက်လက်ပြုလုပ်နေသည်။ ချင်းပြည်နယ်တွင် ဟားခါး၊ ဖလမ်း၊ ထန်တလန်နှင့် မတူပီမြို့နယ်များရှိ IDP စခန်း ၁၂ ခုတွင် GBV မှ ရှင်သန်ကျန်ရစ်သူများအတွက် MHPSS ဆွေးနွေးပွဲများနှင့် MHPSS လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။
  - စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် ရေရှင်၊ လဲချား၊ ကက္ကူနှင့် နတ်ချောင်းကျေးရွာများမှ အမျိုးသမီးများနှင့် မိန်းကလေးများသို့ တစ်ကိုယ်ရေသုံးကျန်းမာရေးပစ္စည်း (dignity kits) ၃၅ စုံကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များသို့ သန့်ရှင်းသော မီးဖွားပစ္စည်း (CDKs) ၅၂ စုံကိုလည်းကောင်း ဖြန့်ဝေပေးခဲ့သည်။ ထို့အပြင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်တို့မှ ကျေးရွာ ၂၀ ရွာတွင် CDKs ၆၈၀ စုံကို ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

**ကွာဟချက်များနှင့်အကန့်အသတ်များ**

- အနောက်မြောက်ပိုင်းဒေသတွင် မိတ်ဖက်အဖွဲ့များသည် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် နည်းလမ်းအမျိုးမျိုးကို အသုံးပြုနေကြသည်။ ဥပမာအားဖြင့် GBV ဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုကဲ့သို့သော အချို့ အစီအစဉ်များကို ဖုန်းဖြင့် ပြုလုပ်ကြသည်။
- အထူးသဖြင့် ကာကွယ်စောင့်ရှောက်ပေးရေးနယ်ပယ်တွင် ကာကွယ်စောင့်ရှောက်ပေးရေးဆိုင်ရာ ပြဿနာများနှင့် စိုးရိမ်မှုများကို သတ်မှတ်ဖော်ထုတ်၍ ဖြေရှင်းပေးရန်အတွက် လေ့ကျင့်သင်တန်းပေးထားသော ပညာရှင်အရေအတွက် လုံလောက်စွာမရှိပါ။
- အနောက်မြောက်ပိုင်းဒေသတွင် GBV ဝန်ဆောင်မှုထောက်ပံ့ပေးသူ နည်းပါးနေသည်။ GBV မိတ်ဖက်အဖွဲ့များသည် ဤပြဿနာကို ဖြေရှင်းရန်အတွက် အခြားလူသားချင်းစာနာမှုပါဝင်ဆောင်ရွက်သူများ၏ အစီအစဉ်များတွင် GBV ဆိုင်ရာ အသိအမြင်တိုးပွားစေရေး လုပ်ငန်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်နေသည်။
- လတ်တလောလိုအပ်ချက်များကို အချိန်နှင့်တပြေးညီ လျင်မြန်စွာ တုံ့ပြန်နိုင်ရေးအတွက် ဒေသခံမိတ်ဖက်အဖွဲ့များသို့ ထောက်ပံ့ပေးရန် အရေးပေါ် ရန်ပုံငွေ မရှိပါ။

## အမိုးအကာ (Shelter)၊ စားနပ်ရိက္ခာမဟုတ်သော ပစ္စည်းများ (NFIs)၊ စခန်းပေါင်းစပ်ညှိနှိုင်းရေးနှင့် စခန်းစီမံခန့်ခွဲရေး (CCCM)

### လိုအပ်ချက်များ

- နောက်ဆုံးကွင်းဆင်းလေ့လာမှုများအရ မုန်တိုင်းဒဏ်သင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ခိုလှုံရာနေအိမ် ၁၅၈၀၀၀ ကျော် ထိခိုက်ပျက်စီးမှုရှိခဲ့ရာ၊ ရခိုင်ပြည်နယ်တွင် ၁၄၉၀၀၀ လုံး၊ အနောက်မြောက်ပိုင်းဒေသတွင် ၉၂၃၀ လုံးနှင့် အရှေ့မြောက်ပိုင်းဒေသတွင် ၅၀၀ ကျော်တို့ ဖြစ်ကြသည်။
- ပစ္စည်းများ နည်းပါးကုန်ခမ်းလာခြင်းနှင့် ပြည်နယ်အတွင်း ဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် ဝယ်လိုအား မြင့်မားလျက်ရှိသော အမိုးအကာပစ္စည်းများကို ရခိုင်ပြည်နယ်သို့ သယ်ယူပို့ဆောင်ပေးနိုင်ရေးမှာ ဦးစားပေးလုပ်ငန်းအဖြစ် ဆက်ရှိနေဆဲဖြစ်သည်။
- ရခိုင်ပြည်နယ်တွင် မြောက်ဦးမြို့နယ် အထက်စည်မောင်း ကျေးရွာမှ မုန်တိုင်းကြောင့် လုံးဝပျက်စီးခဲ့သည့် နေအိမ် ၁၅၀ လုံးကို ပြန်လည်တည်ဆောက်ရန် လိုအပ်နေဆဲဖြစ်ကြောင်း မိတ်ဖက်အဖွဲ့များက အစီရင်ခံထားသည်။
- ကချင်ပြည်နယ်တွင် ထိခိုက်ပျက်စီးခဲ့သည့် ခိုလှုံရာနေအိမ် ၁၀၄ လုံးအတွက် တုံ့ပြန်ရေးလုပ်ငန်းအကူအညီ လိုအပ်နေဆဲ ဖြစ်သည်။

### တုံ့ပြန်ရေးလုပ်ငန်းများ

- ဤအစုအဖွဲ့၏ မိတ်ဖက်အဖွဲ့များသည် လက်ဝယ်ရှိ ဝင်ရောက်ကူညီခွင့်များကို အသုံးပြု၍ လူဦးရေ ၁၄၄၀၀၀ ဦးသို့ ခိုလှုံရာအတွက် ပစ္စည်းများ၊ NFI ပစ္စည်းများနှင့် စခန်းပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး (CCCM) အကူအညီများကို အောက်ပါအတိုင်း ထောက်ပံ့ပေးခဲ့သည် -
    - ရခိုင်ပြည်နယ်တွင် မိတ်ဖက်အဖွဲ့များသည် ကျောက်တော်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် စစ်တွေမြို့နယ်တို့မှ ဘေးဒဏ်သင့်မိသားစု ၂၈၆၉၄ စုသို့ နေရာ/စခန်း ပြုပြင်ထိန်းသိမ်းရေးနှင့် ဘေးကင်းလုံခြုံရေးလုပ်ငန်းများအတွက် ခိုလှုံရာပစ္စည်းများနှင့် NFI ပစ္စည်းများကို ပေးအပ်ခဲ့သည်။ ထို့အပြင် ရခိုင်ပြည်နယ်ရှိ နောက်ထပ် မိသားစု ၂၇၅၃၅ စုသို့ ခိုလှုံရာနှင့် NFI အကူအညီများကို ထောက်ပံ့ပေးရန် စီစဉ်နေသည်။
    - မကွေးတိုင်းဒေသကြီးတွင် မိတ်ဖက်အဖွဲ့များသည် ဘေးဒဏ်သင့် မိသားစု ၇၄ စုသို့ NFI ပစ္စည်းများကို ဖြန့်ဝေပေးရန် စီစဉ်နေသည်။
    - ချင်းပြည်နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေအိမ်များကို ပြန်လည်ပြုပြင်ရန် သို့မဟုတ် ပြန်လည်တည်ဆောက်ရန်အတွက် မိသားစု ၁၂၆ စုသို့ ငွေကြေးအကူအညီများ ထောက်ပံ့ပေးခဲ့သည်။
    - အနောက်မြောက်ပိုင်းဒေသတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ စုစုပေါင်း လိုအပ်ချက်များ၏ ၇၀% နီးပါးကို ရပ်ရွာလူထုကိုယ်တိုင် ဖြည့်ဆည်းထားပြီး (သို့မဟုတ်) ဖြေရှင်းဆောင်ရွက်မည်ဖြစ်သည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များကို ပြန်လည်တည်ဆောက်ရန် သို့မဟုတ် ပြန်လည်ပြုပြင်ရန် ငွေကြေးအကူအညီများကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

### ကွာဟချက်များနှင့် အကန့်အသတ်များ

- ဤအစုအဖွဲ့၏ မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်းများသည် လိုအပ်ချက်ပမာဏများပြားခြင်းနှင့် ရင်းမြစ်များအကန့်အသတ်ဖြင့်သာ ရှိခြင်းတို့ကြောင့် ရန်ပုံငွေရရှိမှုမှာ ဆိုးရွားစွာ နည်းပါးနေဆဲဖြစ်သည်။ Shelter/NFIs/CCCM အစုအဖွဲ့သည် မုန်တိုင်းဒဏ်သင့်ပြည်သူ ၆၅၇၀၀၀ ဦး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၇၁.၂ သန်းလိုအပ်ပါသည်။ ဤလျာထားချက်တွင် ၂၀၂၃ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်လုပ်ငန်းစီမံချက် (HRP) အရ ယခင်က သတ်မှတ်ထားသည့် လူဦးရေ ၃၉၀၀၀၀ ဦးလည်း ပါဝင်ပြီး၊ မိုခါမုန်တိုင်းကြောင့် ထိခိုက်ခဲ့ရသည့် ထပ်တိုး လူဦးရေမှာ ၂၆၇၀၀၀ ဦးဖြစ်သည်။
- ရခိုင်ပြည်နယ်တွင် ထိခိုက်ပျက်စီးခဲ့သည့် ခိုလှုံရာနေအိမ်များအနက် ယခုအချိန်အထိ အနည်းငယ်ကိုသာ ပြန်လည်ပြင်ဆင်နိုင်သေးကြောင်း အစီရင်ခံထားပါသည်။

## ရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေကျန်းမာရေး (WASH)

**လိုအပ်ချက်များ**

- ရခိုင်ပြည်နယ်တွင် ရခိုင်နေရပ်စွန့်ခွာနေရာများ၊ ရိုဟင်ဂျာ IDP စခန်းများနှင့် ကျေးရွာများ၌ WASH လိုအပ်ချက်များ ဆက်လက်မြင့်မားနေဆဲဖြစ်သည်။ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် စစ်တွေမြို့နယ်များမှ ရေကန် ၁၀၈ ကန်အနက် ၃၈ ကန်တွင် ပင်လယ်ဆားငန်ရည်ဝင်ရောက်မှုကြောင့် ညစ်ညမ်းနေဆဲဖြစ်ပြီး၊ ရေစုပ်ထုတ်ရန် လိုအပ်နေပါသည်။
- အနောက်မြောက်ပိုင်းဒေသတွင် မုန်တိုင်းဒဏ်သင့် ပြည်သူ ၄၈၀၀၀ ခန့်သည် WASH ပံ့ပိုးပစ္စည်းများနှင့် WASH ဝန်ဆောင်မှုများအပါအဝင် လူသားချင်းစာနာမှု အကူအညီများ လိုအပ်နေကြသည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

- ရခိုင်ပြည်နယ်တွင် WASH အစုအဖွဲ့၏ မိတ်ဖက်အဖွဲ့များက WASH နှင့် အခြားအရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများကို မြို့နယ်အချို့မှ အိမ်ထောင်စုများသို့ အောက်ပါအတိုင်း ထောက်ပံ့ပေးခဲ့သည် -
    - ယနေ့အထိ မိတ်ဖက်အဖွဲ့များသည် ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် စစ်တွေမြို့နယ်များမှ ရေကန် ၁၀၈ ကန်အနက် ၇၀ ကန်မှ ညစ်ညမ်းရေများကို စုပ်ထုတ်ပေးနိုင်ခဲ့သည်။
    - စစ်တွေမြို့မှ သောက်သုံးရေကို ပေါက်တောမြို့နယ်သို့ သင်္ဘောဖြင့် အရေးပေါ် သယ်ယူပို့ဆောင်ပေးခြင်းကြောင့် အနောက်ရွှေနှင့် ကြိမ်နီပင် စခန်းနှင့် ကျေးရွာများမှ ရိုဟင်ဂျာ IDP လူဦးရေ ၁၄၄၀၀ ကျော်အတွက် နေ့စဉ်ရေလိုအပ်ချက်များကို ဆက်လက်ဖြည့်ဆည်းပေးနိုင်ခဲ့သည်။
    - ဇွန်လအစောပိုင်းတွင် စစ်တွေမြို့နယ်ရှိ အုန်းရေပေါ် နေရပ်စွန့်ခွာနေရာမှ ရခိုင် IDP လူဦးရေ ၂၀၆၅ ဦးသို့ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်း (hygiene kits) အစုံ ၄၀၀ ကျော်ကို ဖြန့်ဝေပေးခဲ့သည်။
- အနောက်မြောက်ပိုင်းဒေသတွင် မိတ်ဖက်အဖွဲ့များသည် အောက်ပါ WASH အကူအညီများကို ထောက်ပံ့ပေးနေပါသည် -
    - ချင်းပြည်နယ်ရှိ ဟားခါး၊ မတူပီနှင့် ထန်တလန်မြို့နယ်များတွင် မုန်တိုင်းဒဏ်သင့် ပြည်သူ ၃၉၀၀ ကျော်သို့ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်း (hygiene kits) အစုံ ၈၀၀ နီးပါးကို ဖြန့်ဝေပေးခဲ့သည်။ ဤမြို့နယ် ၃ ခုရှိ မုန်တိုင်းဒဏ်ခံခဲ့ရသည့် IDP များသို့ ဘက်စုံသုံး ငွေကြေးအကူအညီများကိုလည်း ထောက်ပံ့ပေးခဲ့သည်။
    - စစ်ကိုင်းတိုင်းဒေသကြီး ပုလဲနှင့် ယင်းမာပင်မြို့နယ်များမှ နေရာ ၆ ခုတွင် မုန်တိုင်းဒဏ်သင့် မိသားစု ၆၆၀ ကျော်သို့ ငွေကြေးအကူအညီများကို ထောက်ပံ့ပေးခဲ့သည်။
    - မိတ်ဖက်အဖွဲ့များသည် စလင်းမြို့နယ်မှ ဘေးဒဏ်သင့်ပြည်သူများသို့ ထောက်ပံ့ပေးရန်အတွက် တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်း (hygiene kits) ၂၆၀၀ စုံကို ဝယ်ယူလျက်ရှိသည်။
- ကချင်ပြည်နယ်တွင် မိတ်ဖက်အဖွဲ့များသည် အောက်ပါ WASH အကူအညီများကို ထောက်ပံ့ပေးခဲ့သည် -
    - မန်စီမြို့နယ်တွင် IDPs လူဦးရေ ၃၄၀ ဦးသို့ တစ်ကိုယ်ရေကျန်းမာရေးသုံး ပစ္စည်း (hygiene kits) အစုံ ၈၀ ကျော်ကို ဖြန့်ဝေပေးခဲ့သည်။
    - မိုးမောက်နှင့် ဝိုင်းမော်မြို့နယ်များမှ IDP စခန်း ၇ ခုတွင် ထိခိုက်ပျက်စီးခဲ့သော အိမ်သာ ၁၀၀ ကျော်ကို ပြန်လည် ပြုပြင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီး၊ ဤလုပ်ငန်းကြောင့် IDPs လူဦးရေ ၈၆၀၀ ကျော်ကို အကျိုးရှိစေလိမ့်မည်။
    - မိတ်ဖက်အဖွဲ့များသည် ဝိုင်းမော်မြို့နယ်ရှိ ရှအစ်ယန်နှင့် မဂါယန် IDP စခန်းများတွင် WASH အဆောက်အဦများ တည်ဆောက်ရန်အတွက် ပစ္စည်းများကို ဝယ်ယူလျက်ရှိသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- အနောက်မြောက်ပိုင်းဒေသတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်း၊ လုံခြုံမှုမရှိခြင်း၊ တပ်ဖွဲ့များရှိနေခြင်းနှင့် ဝင်ရောက်ကူညီခွင့်မရရှိခြင်းတို့သည် အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် WASH တုံ့ပြန်ရေးလုပ်ငန်းများအတွက် အဓိကအခက်အခဲများအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။

- ကချင်ပြည်နယ်တွင် အလှူရှင်များထံမှ WASH အစုအဖွဲ့၏ မိတ်ဖက်အဖွဲ့များထံသို့ ရန်ပုံငွေ လွှဲပြောင်းပေးမှု နှောင့်နှေးနေသည့်အတွက် WASH အဖွဲ့များက ရည်မှန်းထားသည့် ဒေသများတွင် လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အခက်အခဲဖြစ်နေသည်။

သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့သို့ ဆက်သွယ်ပါ -

**Danielle Parry**, Officer in Charge, parryd@un.org, +95 9797002713 (Phone/Signal)

**Suhad Sakalla,** Humanitarian Affairs Officer, sakalla@un.org, +95 9797007815, +972 054433 4202 (Signal/WhatsApp)

သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့သို့ ဝင်ရောက်ကြည့်ရှုပါ -

*www.unocha.org* | https://reliefweb.int/country/mmr | https://www.facebook.com/OCHAMyanmar